PROVEN GROUP OF COMPANIES

www.proven.com.mm

# NEWSLETTER

JULY, AUGUST, SEPTEMBER 2024 | 4th time



## HIGHLIGHTS

- Proven Group of Companies ၏ နှစ်ပတ်လည်စုံညီ အစည်းအဝေးနှင့် ညစာစားပွဲ အခမ်းအနားကျင်းပခြင်း၊
- စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များကို စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး ကျင်းပခြင်း၊
- အမည်စာရင်းတင်သွင်းရေးနှင့် အခကြေးငွေသတ်မှတ်ရေးကော်မတီအစည်းအဝေးကျင်းပခြင်း၊
- Yangon Metal Industry Co., Ltd. ၏ နှစ်ပတ်လည်စုံညီအစည်းအဝေးကျင်းပခြင်း၊
- Proven Polyworld Co., Ltd. ၏ နှစ်ပတ်လည်စုံညီအစည်းအဝေးကျင်းပခြင်း၊
- The Commerce Journal တွင် ကြော်ငြာထည့်သွင်းခြင်း၊
- မြောင်းတကာစက်မှုဇုန်တွင် အပန်းဖြေကစားကွင်းတစ်ခု တည်ဆောက်လှူဒါန်းခြင်း
- (၄)လပတ်ဝန်ထမ်းထုအစည်းအဝေးကျင်းပခြင်း
- ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ဝေခဲ့ခြင်း
- စီးပွားရေးဖွံ့ဖြိုးမှုကော်မတီအစည်းအဝေးကျင်းပခြင်း၊
- Proven International Co., Ltd. ၏ ရုံးခန်းတည်နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း၊
- CSR Steering Committee (စတုတ္ထပတ်) အစည်းအဝေးကျင်းပခြင်း၊
- ရေဘေးသင့်ပြည်သူများသို့ လှူဒါန်းခြင်း၊
- မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA) ၏ Oxygen Cylinder များ လှူဒါန်းမှုတွင် ပူးပေါင်းပါဝင်ကူညီခြင်း၊
- ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ခြင်း၊
- အန္တရာယ်ကင်းပရိတ်တရား နာယူခြင်း၊
- Chemical Safety General Knowledge Training ပြုလုပ်ခြင်း၊
- Fire Safety Training ပြုလုပ်ခြင်း၊
- Security Management User Knowledge Sharing ပြုလုပ်ခြင်း၊




















10 PAGES







# နှစ်ပတ်လည်စုံညီအစည်းအဝေးကျင်းပခြင်း


၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၇)ရက်နေ့ (စနေနေ့)တွင် Proven Group of Companies ၏ နှစ်ပတ်လည်စုံညီအစည်းအဝေးနှင့် ညစာစားပွဲ အခမ်းအနားကို ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ညစာစားပွဲသို့ Proven Group of Companies ၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များနှင့် မိသားစုဝင်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ စုံလင်စွာတက်ရောက်ခဲ့ကြပြီး အမှတ်တရ မှတ်တမ်းဓာတ်ပုံများရိုက်ကူးခဲ့ကြပါသည်။








# စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များကို စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး ကျင်းပခြင်း




စာရင်းစစ်နှင့် ဆုံးရှုံးနိုင်ခြေရှိ အန္တရာယ်များကို စီမံခန့်ခွဲမှု ကော်မတီ (Audit & Risk Management Committee ၏ (၂/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးအား ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၅) ရက်နေ့တွင် Proven Group of Companies ၏ အစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပြီး နှစ်ပတ်လည်စုံညီအစည်း အဝေး (AGM) မတိုင်မီ ကော်မတီအနေဖြင့် အစည်းအဝေး တွင် အစုရှယ်ယာရှင်နှင့် ဒါရိုက်တာအဖွဲ့ထံမှ တင်ပြအတည်ပြုချက်ရယူရမည့် အချက်များ၊ စာရင်းစစ်အစီရင်ခံစာများနှင့် ပတ်သက်သည့်အချက်အလက်များကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ကာ အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

# အမည်စာရင်းတင်သွင်းရေးနှင့် အခကြေးငွေသတ်မှတ်ရေးကော်မတီ အစည်းအဝေး ကျင်းပခြင်း




အမည်စာရင်းတင်သွင်းရေးနှင့် အခကြေးငွေသတ်မှတ်ရေး ကော်မတီ (Nomination and Remuneration Committee ၏ (၂/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၅)ရက်နေ့နံနက်ပိုင်းတွင် Proven Group of Companies ၏ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းအစည်းအဝေးပွဲတွင် နှစ်ပတ်လည်စုံညီ အစည်းအဝေး (AGM) တွင် အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာအဖွဲ့ဝင်များသို့ အဆိုတင်သွင်းမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ဒါရိုက်တာအဖွဲ့ရွေးချယ်တင်မြှောက်ခြင်း၊ ကော်မတီအဖွဲ့ရွေးချယ်တင်မြှောက်ခြင်းတို့ကို ဆွေးနွေးခဲ့ကြပါသည်။

# Yangon Metal Industry Co., Ltd. ၏ နှစ်ပတ်လည်စုံညီအစည်းအဝေးကျင်းပခြင်း

Proven Group of Companies ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Yangon Metal Industry Co., Ltd. ၏ နှစ်ပတ်လည်စုံညီအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဇွန်လ (၂၉)ရက်နေ့နံနက်ပိုင်းတွင် Proven Group of Companies ၏ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းအစည်းအဝေးပွဲတွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေး ရှင်းတမ်းများ၊ စက်ရုံအတွက်ထပ်မံလိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ၊ Export ကိစ္စရပ်များကို ဒါရိုက်တာအဖွဲ့ဝင်များနှင့် အစုရှယ်ယာရှင်များသို့ တင်ပြဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များအား တက်ရောက်လာသူအားလုံးမှ သဘောတူဆုံးဖြတ်ကာ အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။



## Proven Polyworld Co., Ltd. ၏ နှစ်ပတ်လည် စုံညီအစည်းအဝေးကျင်းပခြင်း




Proven Group of Companies ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Proven Polyworld Co., Ltd. ၏ နှစ်ပတ်လည်စုံညီအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၉) ရက်နေ့ နေ့လည်တွင် Zoom Application (Online) မှတစ်ဆင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းအစည်းအဝေးပွဲတွင် ၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးရှင်းတမ်းများ၊ စက်ပစ္စည်းထပ်မံဝယ်ယူရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ၊ ထုတ် လုပ်မှုလျာထားချက်များစသည့်ကိစ္စရပ်များကို ဒါရိုက်တာအဖွဲ့ဝင်များနှင့် အစုရှယ်ယာရှင်များသို့ တင်ပြဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များအား တက်ရောက်လာသူအားလုံးမှ သဘောတူဆုံးဖြတ်ကာ အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

## စီးပွားရေးသတင်းဂျာနယ်တွင် ထဲ့သွင်းကြော်ငြာခြင်း







Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီများ၏ ထုတ်ကုန်ပစ္စည်းများနှင့် တင်သွင်းဖြန့်ဖြူးလျက်ရှိသော ပစ္စည်းများကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ (၂)ရက်နေ့ထုတ် စီးပွားရေး သတင်းဂျာနယ် (The Commerce Journal)တွင် ကြော်ငြာ ထည့်သွင်းခဲ့ပါသည်။




September

## မြောင်းတကာ သံမဏိသံရည်ကျိုစက်မှုဇုန်တွင် အပန်းဖြေအားကစားကွင်းတစ်ခု လှူဒါန်းခြင်း

Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီများဖြစ်ကြသည့် Proven Technology Industry Co., Ltd၊ Yangon Metal Industry Co., Ltd တို့ ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ သံမဏိသံရည်ကျိုစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံးရှေ့တွင် ငွေကျပ်သိန်း (၁၁၀) အကုန်အကျခံကာ အပန်းဖြေအားကစားကွင်းတစ်ခုအတွက် ကျန်းမာရေးလေ့ကျင့်ခန်းသုံး ပစ္စည်းများ၊ ကလေးငယ်များကစားနိုင်ရန်ပစ္စည်းများ၊ အများပြည်သူအပန်းဖြေနားနေနိုင်ရန်အတွက် ခုံတန်းများနှင့် အရိပ်ရအပင်များစိုက်ပျိုးခြင်း အစရှိသည်တို့ကို ပံ့ပိုးပေးခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၄)ရက်နေ့တွင် အပြီးသတ်အပ်နှံလှူဒါန်းခဲ့ပါသည်။ စက်မှုမြို့ စီမံခန့်ခွဲရေးကော်မတီမှ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြပါသည်။










## (၄)လပတ် ဝန်ထမ်းထု အစည်းအဝေး ကျင်းပခြင်း





၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၈)ရက်နေ့တွင် Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီဖြစ်သည့် Proven Distribution Co., Ltd. တို့၏ ဝန်ထမ်းထုအစည်းအဝေး (Durbar)ကို Proven Group of Companies ၏ ဒုတိယထပ်တွင်လည်းကောင်း၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့တွင် Proven Technology Industry Co., Ltd. ၏ ဝန်ထမ်းထုအစည်းအဝေး (Durbar)ကို PTIC Plant II တွင်လည်းကောင်းကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးသို့ ဌာနအသီးသီးမှ ဝန်ထမ်းများအပြင် နယ်ရုံးခွဲမှ ဝန်ထမ်းများသည်လည်း Online ဖြင့် တက်ရောက်ခဲ့ပါသည်။ ISO Standard နှင့်အညီ ဌာနအလိုက် Objectives များ Achieved ဖြစ်/မဖြစ် Presentation များဖြင့် တင်ပြခဲ့ကြပြီး Presentation အကောင်းဆုံးဆုချီးမြှင့်ခြင်းအစီအစဉ်များ ပြုလုပ်ခဲ့ကြပါသည်။ ထို့ပြင် August နှင့် September လ မွေးနေ့ရှင်ဝန်ထမ်းများ၏ မွေးနေ့ပွဲကိုပါ ကျင်းပပြုလုပ်ပေးခဲ့ပါသည်။









## နှစ်ပတ်လည် အစီရင်ခံစာ ထုတ်ဝေခဲ့ခြင်း







Proven Group of Companies ၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစီရင်ခံစာ (Annual Report)အား ၂၀၂၄ ခုနှစ် ဩဂုတ်လ ပထမပတ်တွင် ထုတ်ဝေနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့တွင် ကျင်းပသည့် Proven Group of Companies ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ပတ်လည်စုံညီအစည်းအဝေးတွင် ရှင်းလင်းတင်ပြကာ အတည်ပြုချက်ရယူခဲ့ပါသည်။ အဆိုပါ Annual Report အား www.proven.com.mm Website ၏ Corporate Governance Section တွင် ဝင်ရောက် ဖတ်ရှုနိုင်ပါသည်။



# စီးပွားရေးဖွံ့ဖြိုးမှုကော်မတီ အစည်းအဝေးကျင်းပခြင်း



စီးပွားရေးဖွံ့ဖြိုးမှုကော်မတီ ( Business Development Committee) ၏ (၁/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးအား ၂၀၂၄ ခုနှစ် စက်တင်ဘာ (၉)နေ့ ညနေပိုင်းတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အအစည်းအဝေးသို့ ကော်မတီဝင်များအားလုံးနှင့် အတူ သီးခြားဖိတ်ကြားထား ညီနောင်ကုမ္ပဏီအသီးသီးမှ အမှုဆောင် ဒါရိုက်တာများလည်း တက်ရောက်ခဲ့ကြပါသည်။ ၎င်းအစည်းအဝေးပွဲတွင် လက်ရှိစီမံဆောင်ရွက်လျက်ရှိသော လုပ်ငန်းလည်ပတ်မှုအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေနှင့် အနာဂတ်အတွက် မျှော်မှန်းထားသည့် ရင်းနှီးမြုပ်နှံမှုလိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

# Proven International Co., Ltd. ၏ ရုံးတည်နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်း၊

Proven Group of Companies ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Proven International Co., Ltd. ၏ ရုံးခန်းတည်နေရာအား ယခင် အမှတ်- K8, K9၊ သီရိရတနာလက်လီလက္ကားဈေး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ မှ အမှတ်(၃၀၉)၊ ရတနာလမ်း၊ အောင်ရတနာဆေးခန်းရှေ့၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့သို့ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်ထားခဲ့ပါသည်။




# CSR Steering Committee (စတုတ္ထပတ်) အစည်းအဝေးကျင်းပခြင်း၊




၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်နေ့တွင် Proven Group of Companies ကဦးဆောင်၍ ညီနောင်ကုမ္ပဏီများမှ အမှုဆောင်ဒါရိုက်တာများဖြင့် ဖွဲ့စည်းထားသည့် Corporate Social Responsibility Steering Committee ၏ စတုတ္ထအပတ် အစည်းအဝေးအား ပြုလုပ်ခဲ့ရာ ၎င်း Meeting တွင် Proven Group of Companies အပါအဝင် ညီနောင်ကုမ္ပဏီအသီးတွင် ပြုလုပ်ခဲ့သော CSR Activities များနှင့် ထပ်မံပြုလုပ်မည့် Event များ၊ Activities များအတွက် ယခင်ချမှတ်ထားသည့် ဘတ်ဂျတ်များအားပြန်လည်ပြင်ဆင် သတ် မှတ်ခြင်းများအပြင် လက်ရှိဖြစ်ပေါ်လျက်ရှိသော ရေဘေးသင့် ပြည်သူများအတွက် ကိုယ်တိုင်သွားရောက်လှူဒါန်းခြင်း၊ ပြင်ပအသင်းအဖွဲ့များနှင့်ပူးပေါင်း၍လည်းကောင်း၊ ရေဘေးသင့် ဝန်ထမ်းမိသားစုဝင်များသို့ ထောက်ပံ့ပစ္စည်းများ ပေးအပ်ရန်စသည်တို့ကို ဆွေးနွေးကြခဲ့ပါသည်။

# Proven Group of Companies ၏ ရေဘေးသင့်ပြည်သူများသို့ လှူဒါန်းခြင်း




MYANMAR INDUSTRIES ASSOCIATION



လက်ရှိဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်ကြောင့် နေပြည်တော်၊ အေလာနှင့် လယ်ဝေးမြို့ ကယ်ဆယ်ရေး စခန်းအသီးသီး သို့ရောက်ရှိနေကြသည့် ရေဘေးသင့်ပြည်သူများအတွက် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် **Proven Group of Companies Limited** မှ စုစုပေါင်းငွေကျပ် (3,500,000) နှင့် ညီမျှသော T Shirt အထည် (အရေအတွက် ၂,၀၀၀)ကိုလည်းကောင်း၊ **Proven Distribution Co., Ltd** ၏ မန္တလေးရုံးခွဲရှိ ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ မန္တလေးတိုင်းဒေသကြီး၏ တံတားဦး၊ မြစ်ငယ်၊ စဉ့်ကိုင်၊ကျောက်ဆည်၊ မြစ်သားမှာရှိသည့် ရေဘေးသင့်ပြည်သူများအတွက် စုစုပေါင်း ငွေကျပ် (1,500,000) နှင့်ညီမျှသော လူအယောက် (၄၀၀)စာ အဟာရဒါနနှင့်အတူ ရေသန့် ခေါက်ဆွဲခြောက်ထုတ် အဝတ်ထည်နှင့် ဆေးဝါးများကို ချမ်းသာသုခပရဟိတ အဖွဲ့နှင့်တူတူ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင်လည်းကောင်း၊ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် **Proven International Co., Ltd** အနေဖြင့် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၄)နှင့် (၁၅) ရက်နေ့တို့တွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်များ နှင့် နေပြည်တော်တိုင်းဒေသကြီးများတွင် ရေဘေးဒုက္ခခံစားခဲ့ရသော မိဘပြည်သူများအား စုစုပေါင်းငွေကျပ် (5,000,000)နှင့် ညီမျှသော လူဦးရေ (၆၀၀) အတွက် မုန့် ၊ ရေသန့် ၊ အဝတ်အထည် ၊ ဆေးဝါး နှင့် အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ အသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း(MIA) နှင့် နေပြည်တော်မော်တော်ယာဉ်အပိုပစ္စည်း လုပ်ငန်းရှင်များအသင်း (NACSAA) တို့၏ လူမှုကူညီရေးကိစ္စရပ်များတွင် တစ်သင်းလျှင် ကျပ် (၁၀)သိန်းကျပ်စီကိုလည်းကောင်း လှူဒါန်းခဲ့ကြသည့် အမှတ်တရပုံရိပ်များကို အားလုံးသာစုအနုမောဒနာ ခေါ်ဆိုနိုင်ကြစေရန်နှင့် **Proven Group of Companies** မှ ပြည်သူအပေါင်း ဘေးအန္တရာယ်အပေါင်းမှ အမြန်ဆုံးကင်းဝေးကြပါစေ ကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။
















# Yangon Metal Industry Co., Ltd. မှ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား/ကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကျင်းပခြင်း







၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့တွင် Proven Group of Companies ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် Yangon Metal Industry Co., Ltd အနေဖြင့် ဝန်ထမ်းများ၏ သားငယ်/သမီးငယ်လေးများသို့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းသုံးပစ္စည်းများဖြစ်သည့် ဗလာစာအုပ်၊ မိုးကာနှင့် ထမင်းချိုင့်များပေးအပ်ခြင်းအခန်းအနားကို မြောင်းတကာစက်မှုဇုန် စက်ရုံတည်နေရာတွင် ဝန်ထမ်းမိသားစုများနှင့် အတူ ပြုလုပ်ကျင်းပခဲ့ပါသည်။

# မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA) ၏ Oxygen Cylinder များလှူဒါန်းမှုတွင် ပူးပေါင်းပါဝင်ကူညီခြင်း၊

Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA) မှ Oxygen Cylinder များ အောင်မြင်စွာလှူဒါန်းနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ အလုပ်သမားဆေးရုံကြီးနှင့် အနောက်ပိုင်းဆေးရုံကြီးစသည့်ဆေးရုံကြီးများသို့ Oxygen Cylinder များပို့ဆောင်ပေးခြင်း၊ Oxygen အိုးပေါ်တွင် ဆေးမှုတ်ခြင်းလုပ်ငန်းများကို အသင်းနှင့်အတူ တက်ကြွစွာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။





မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း
Myanmar Industries Association

MIA
မှတ်တမ်းတင်ဂုဏ်ပြုလွှာ

Oxygen Cylinder ... Proven Technology Industry Co., Ltd. ၏ Corporate Social Responsibility Team ...







# ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ခြင်း





Proven Group of Companies ၏ အစဉ်အလာမပြတ် နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူပူဇော်ခြင်း အခမ်းအနားအား ၂၀၂၄ခုနှစ်၊ ဩဂုတ်လ (၅)ရက်နေ့တွင် ဝန်ထမ်းမိသားစုများနှင့် အတူ ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ကာ နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ပြီး တရားနာညွှန့်ပရိတ်သတ်များအား နေ့လည်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။







# အန္တရာယ်ကင်းပရိတ်တရား နာယူခြင်း







၂၀၂၄ခုနှစ်၊ ဩဂုတ်လ (၇)ရက် နေ့တွင် Proven Distribution Co.,Ltd ၏ ရုံးခန်းသစ်ပြောင်းရွှေ့ခြင်း အထိမ်းအမှတ်အဖြစ် အန္တရာယ်ကင်းပရိတ်တရားနာယူခြင်းအခမ်းအနားအား ကျင်းပပြုလုပ်ခဲ့ပါသည်။ ဆရာတော်ကြီးများမှ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး မေတ္တာပို့ အမျှ ပေးဝေခဲ့ကြပါသည်။

## Chemical Safety General Knowledge Training ပြုလုပ်ခြင်း



၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်နေ့တွင် Chemical Safety General Knowledge (Internal) Training အား Proven Group of Companies ၏ အစည်းအဝေးခန်းမတွင် Compliance and Sustainability Manager မှ သင်ကြားပို့ချပေးခဲ့ပါသည်။ ၎င်း Training တွင် လုပ်ငန်းခွင်အတွင်း နေ့စဉ်ထိတွေ့နေရသည့် ဓာတုပစ္စည်းများကို ဘေးအန္တရာယ်ကင်းစွာမည်သို့ ကိုင်တွယ်အသုံးပြုရမည့်နည်းလမ်းများအား သိရှိနိုင်စေရန်နှင့် နေ့စဉ်လူနေမှုဘဝတွင်ထိတွေ့နေရသော ဓာတုပစ္စည်းများ၏ ကောင်းကျိုး၊ ဆိုးကျိုးများကို ဝန်ထမ်းများအားလုံး သိရှိနိုင်စေရန် အသိပညာမျှဝေဖလှယ်ခဲ့ပါသည်။

## Fire Safety Training ပြုလုပ်ခြင်း

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့တွင် Fire Safety (Internal) Training အား Proven Group of Companies ၏ အစည်းအဝေးခန်းမတွင် Compliance and Sustainability Manager မှ သင်ကြားပို့ချပေးခဲ့ပါသည်။ ၎င်း Training တွင် လုပ်ငန်းခွင်အတွင်းတွင်သာမက မိမိတို့ ၏လူနေမှုဘဝတွင် မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေး ဂရုပြုဆောင်ရွက်ထားရမည့်အချက်များနှင့် ကိုယ်တိုင်ကြုံတွေ့ပါက လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများကိုပါ ထည့်သွင်းအသိပညာပေးဆွေးနွေးခဲ့ပါသည်။



## Security Management User Knowledge Sharing ပြုလုပ်ခြင်း

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့တွင် Security Management User Knowledge Sharing အစီအစဉ်ကို Proven Group of Companies ၏ အစည်းအဝေးခန်းမတွင် IT Division Head မှ ရှင်းလင်းပြောကြားခဲ့ပါသည်။ ၎င်း Training တွင် File Protection, Email နှင့် Server အသုံးပြုပုံများကို ရုံးဝန်ထမ်းများအနေဖြင့် သိရှိနိုင်စေရန် အသိပညာပေးဆွေးနွေးခဲ့ပါသည်။







**Get in touch us:**
**No. F/S-14, Bayintnaung Road, Shwe Sabei Yeikmon, Kamayut Township, Yangon, Myanmar.**
**(PostCode -11041)**
**Corporate Contact No. (+95)9 880876920, Office No. (+95-1) 7 531 030 / 7 531 041 / 7 527 667**
**Email to info@proven.com.mm, Website : www.proven.com.mm**